# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 14 , 2022 Volume 58, Number 10


**၁၄.၉.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၀၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၃၅၀ ကျပ် |
| CBM Rate | = ၂၁၀၂.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၃၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၆.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၆.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၇၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၄၄၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၃.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၃၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပဲနှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးတွင် တည်ငြိမ်နေ

ပြည်တွင်း ဒေါ်လာဈေး၊ ရွှေဈေးများ ကျဆင်းသွားသော်လည်း ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးမှာ အမြင့်ဈေးတွင် အရောင်းအဝယ်တည်ငြိမ်နေကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ပြည်တွင်းဒေါ်လာဈေး ပြောင်းလဲမှုများကြောင့် ဈေးမြင့်တက်ခဲ့သည့် ပဲနှမ်းဈေးကွက်မှာ စက်တင်ဘာလဆန်းပိုင်းတွင် ပြန်လည်ကျဆင်းမှုမရှိဘဲ အမြင့်ဈေးဖြင့် ဆက်လက်တည်ငြိမ်နေပြီး ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံတို့မှာ တစ်အိတ်ကျပ် ၂၀၀,၀၀၀ ဝန်းကျင်နှင့် ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ တစ်အိတ်ကျပ် ၂၁၀,၀၀၀ ကျော်ရှိကာ နှမ်းမျိုးစုံဈေးမှာလည်း အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပို့ကုန်ပဲများအပြင် ဈေးကွက်တစ်ခုလုံး အမြင့်ဈေးနဲ့ တည်ငြိမ်နေပါတယ်။ ပြည်တွင်းသုံး ကုလားပဲတစ်အိတ် ကျပ် ၂၁၀,၀၀၀၊ မတ်ပဲနဲ့ပဲစင်းငုံတို့ကလည်း ယခင်သီတင်းပတ်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်။ တရုတ်လိုင်းပို့တဲ့ ပဲတီစိမ်းက အမြင့်ဆုံး တစ်အိတ် ကျပ် ၁၆၅,၀၀၀ပေါက်ဈေးရှိတယ်။ အသစ်ဝင် မြေပဲဆံတွေကတော့ အနီလုံးဆံ တစ်ပိဿာ ကျပ် ၇,၂၀၀၊ ဆီဆံတစ်ပိဿာ ကျပ် ၆,၆၀၀ ပေါက်ဈေးရှိနေပါတယ်။ နှမ်းမျိုးစုံက အမျိုးအစားအလိုက် ဈေးကောင်းကောင်းနဲ့ အရောင်းအဝယ်သွက်နေတယ်။ ပဲနှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းမှုမရှိဘဲ အမြင့်ဈေးတွေနဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ " ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ**

ပြည်တွင်းဒေါ်လာဈေး ကျဆင်းသွားသော်လည်း ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲမှာ တစ်အိတ်ကျပ် ၁၉၅,၀၀၀-၂၀၀,၀၀၀၊ ပဲစင်းငုံတစ်အိတ် ကျပ် ၂၀၀,၀၀၀ ဝန်းကျင်ပေါက်ဈေးဖြင့် အရောင်းအဝယ် ပုံမှန်ဖြစ်နေသည်။ တရုတ်လိုင်းပို့သည့် ပဲတီစိမ်းမှာမူ အမြင့်ဆုံး တစ်အိတ် ကျပ် ၁၆၅,၀၀၀ ပေါက်ဈေးရှိသည်။ လက်ကျန်နည်းလာသည့် ပဲစင်းငုံဈေးမှာမူ ဆက်လက်မြင့်တက်နိုင်သေးကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

**မြေပဲ**

မန္တလေးတိုင်းဒေသကြီးအောက်ပိုင်း မြေပဲထွက်ရှိရာဒေသအစုံမှ အသစ်များဝင်ရောက်လာသဖြင့် စက်တင်ဘာလဆန်းတွင် ဈေးကောင်းရရှိနေရာမှ ယခင်သီတင်းပတ်တွင် ဈေးအနည်းငယ်ကျဆင်းခဲ့သော်လည်း ယခု စက်တင်ဘာလဆန်းရက်များတွင် ဈေးမြင့်တက်လာရာ ပို့ကုန်မြေပဲ S1 လုံးဆန်များမှာ တစ်ပိဿာလျှင်

ငွေကျပ် ၇၂၀၀ ၊ အနီလုံးဆံ တစ်ပိဿာ ကျပ် ၆၈၀၀ အထိ စံချိန်တင်ပေါက်ဈေးဖြစ်လာပြီး အနိမ့်ဆုံးပြည်တွင်းဆီဆံ အမျိုးအစားပင် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ပေါက်ဈေးရှိနေသည်။

ပို့ကုန်ပဲများနှင့်အတူ လက်ကျန်နည်းလာသည့် ပြည်တွင်းသုံး ကုလားပဲအုပ်စုနှင့်ပဲမာလိုင်းများ ဈေးမြင့်တက်လာသည်။ ပဲအမျိုးအစားအလိုက် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၅၀၀၀ မှကျပ် ၁၀,၀၀၀ ခန့်အထိ စံချိန်တင်ဈေးများအဖြစ် ဈေးဆက်လက်မြင့်တက်လာရာ စက်တင်ဘာ ၈ ရက်တွင် ကုလားပဲ V2 တစ်အိတ် ကျပ် ၂၁၀,၀၀၀၊ ပဲယင်း တစ်အိတ်ကျပ် ၁၆၅,၀၀၀၊ ပဲကြီးတစ်အိတ်ကျပ် ၂၅၀,၀၀၀၊ ပဲထောပတ် တစ်အိတ်ကျပ် ၁၇၅,၀၀၀၊ စွန်တာပြာ တစ်အိတ်ကျပ် ၁၆၅,၀၀၀၊ မြေထောက်ပဲ တစ်အိတ်ကျပ် ၂၇၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ် ကျပ် ၄၃၀,၀၀၀ ထိ စံချိန်တင်ဈေးဖြစ်လာသည်။

**Source: Awba**

## စက်သုံးဆီဈေးနှုန်း အနည်းငယ်ပြန်တက်လာပြီး 92 Ron တစ်လီတာလျှင် ၂၅၀၀ ကျပ်နီးပါးဖြစ်

စက်သုံးဆီဈေးနှုန်းများ စက်တင်ဘာ ၁၄ ရက်(ယနေ့)တွင်ပြန်တက်လာခဲ့ပြီး ရန်ကုန်တိုင်းအတွင်း၌ 92 Ron တစ်လီတာလျှင် ၂၄၈၅ ကျပ်ဖြစ်လာခဲ့သည်ကို စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ ထုတ်ပြန်သည့် ရည်ညွှန်းလက်လီဈေးနှုန်းများအရ သိရသည်။

ထို့ပြင် ပဲခူးတိုင်းတွင်လည်း 97 Ron တစ်လီတာလျှင် ၂၄၉၀ ကျပ်ဖြစ်ကာ မန္တလေး၊ နေပြည်တော်၊ မကွေး၊ ထားဝယ်၊ မုံရွာ၊ ပုသိမ်၊ ဘားအံ၊ မော်လမြိုင်၊ လားရှိုး၊ တောင်ကြီးနှင့်လွိုင်ကော်တို့တွင်လည်း 92 Ron တစ်လီတာလျှင် ၂၅၀၀ ကျပ်ကျော် ရှိကြောင်းသိရသည်။ ထို့အတူ မြစ်ကြီးနားနှင့်စစ်တွေတို့တွင် ၂၆၀၀ ကျပ်ကျော်၊ ဟားခါးတွင် ၂၇၀၀ ကျပ်ကျော်နှင့် ကျိုင်းတုံတွင် ၃၁၀၀ ကျပ်ကျော်သို့ပြန်လည်ရောက်ရှိလာခဲ့သည်။

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ယနေ့ထုတ်ပြန်ခဲ့သည့် စက်သုံးဆီ ရည်ညွှန်းဈေးနှုန်းများအရ ရန်ကုန်တိုင်းအတွင်း၌ လက်လီဈေးအဖြစ် 92 Ron တစ်လီတာလျှင် ၂၄၈၅ ကျပ်၊ 95 Ron တစ်လီတာလျှင် ၂၅၇၅ ကျပ်၊ HSD (500 ppm) တစ်လီတာလျှင် ၃၀၆၅ ကျပ် သတ်မှတ်ခဲ့သည်။ အလားတူ HSD (50 ppm)နှင့် HSD (10 ppm)တို့မှာ တစ်လီတာလျှင် ၃၁၅၀ ကျပ်အဖြစ် စက်သုံးဆီရည်ညွှန်း လက်လီဈေးနှုန်းများအဖြစ် သတ်မှတ်ခဲ့သည်။ ထို့ပြင် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ စက်သုံးဆီရည်ညွှန်းလက်ကား ဈေးနှုန်းမှာလည်း ရန်ကုန်တိုင်း၌ 92 Ron တစ်လီတာလျှင် ၂၃၇၂ ကျပ်၊ 95 Ron တစ်လီတာလျှင် ၂၄၆၂ ကျပ်၊ HSD(500 ppm) တစ်လီတာလျှင် ၂၉၃၈ ကျပ်၊ HSD (50 ppm)နှင့် HSD(10 ppm)တို့မှာ တစ်လီတာလျှင် ၃၀၁၈ ကျပ်တို့ဖြစ်သည်။

အဆိုပါဈေးနှုန်းများအား စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ MOPS ဈေးနှုန်း အပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ကာ စက်သုံးဆီဝယ်ယူသူများအနေဖြင့် ကျေနပ်မှုမရှိပါက ကော်မတီသို့ဆက်သွယ် တိုင်ကြားနိုင်ကြောင်း သိရသည်။

**Source: Popular News Journal**

## အောင်ပန်းဒေသနှင့် ရွာငံဒေသတို့မှထွက်ရှိသည့် ခရမ်းချဉ်သီးများ ဈေးကောင်းရရှိ



Source: ကြေးမုံ

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းသို့ ယခုအချိန်တွင် အောင်ပန်းဒေသနှင့်ရွာငံဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်သွက်ကာ ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ ခရမ်းချဉ်သီးပွဲရုံများမှ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်အတွင်း အောင်ပန်းဒေသနှင့် ရွာငံဒေသတို့မှထွက်ရှိပြီး မန္တလေးမြို့၊ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကားအစီးရေ ၂၅ စီးမှ ၂၆ စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုလက်တွင် ဈေးနှုန်းများမှာလည်း ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင်

ငွေကျပ် ၄၅၀၀၀ မှ ၄၈၀၀၀ ဈေးအထိ ရရှိနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ အင်းသီးကအထားခံတော့ ဈေးကောင်းရရှိနေကြပါတယ်။ အဓိကအကြောင်းရင်းက အဝင်နည်းပြီး ပစ္စည်းပြတ်လပ်နေတဲ့အပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် ဈေးနှုန်းတက်တာပါ။ ပြီးခဲ့တဲ့လနဲ့စာရင် ဈေးကတက်လာတယ်လို့ပြောလို့ရပါတယ်။ တစ်နေ့ကို ရှာင်ဒေသဘက်က ကားအစီးရေ ၂၀ နဲ့ အောင်ပန်းဒေသဘက်က ကားအစီးရေ ငါးစီးကနေ ခြောက်စီး ပုံမှန်ဝင်ရောက်နေပါတယ်။ အရောင်းအဝယ်ကသွက်လက်ပြီး ဈေးကောင်းများလည်း ရရှိနေပါတယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံတွေလည်း ပုံမှန်အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းကာ ဈေးကောင်းများရရှိနေကြောင်း၊ ခရမ်းချဉ်သီးအပြင် ကျန်သည့်ကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဘိုစားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ ငရုတ်၊ ရွှေပဲသီး၊ အာလူးနှင့်ကြက်သွန်များလည်း ပုံမှန်အနေအထားဖြင့် အရောင်းအဝယ်များသွက်လက်နေကြောင်း သိရသည်။

**Source:** ကြေးမုံ

## ဧရာဝတီတိုင်းဒေသကြီး၌ မိုးစပါး စတင်ထွက်ရှိချိန်တွင် ဈေးကောင်းရရှိနေ

ဧရာဝတီတိုင်းဒေသကြီး၌ မိုးစပါးစတင်ထွက်ရှိချိန်တွင် ဈေးကောင်းရရှိနေကြောင်း ဒေသခံစပါး စိုက်ပျိုးသူများ၏ ပြောပြချက်အရ သိရသည်။ ပြီးခဲ့သည့်နှစ် မိုးစပါးစတင်ထွက်ရှိချိန်က တင်း ၁၀၀ လျှင် ငွေကျပ် ခြောက်သိန်းငါးသောင်း မှ ခုနစ်သိန်းအထိသာ ဈေးနှုန်းရရှိခဲ့သော်လည်း ယခုနှစ်တွင် ညွှန့်မထစပါးအခြောက် တင်း ၁၀၀ လျှင် ငွေကျပ် ၁၁ သိန်းမှ ၁၃ သိန်းဝန်းကျင်နှင့် စပါးအစို တင်း ၁၀၀ လျှင် ငွေကျပ် ကိုးသိန်းငါးသောင်းအထိ ဈေးနှုန်းရရှိနေကြောင်း သိရသည်။ "စိုက်တာက ဇွန်လလောက်က စိုက်တာပါ။ ရက် ၉၀ စပါးပါ။ အထွက်နှုန်းက မနှစ်ကလောက်ထွက်ပါတယ်။ သွင်းအားစု ဈေးကောင်းပေမယ့် မနှစ်ကထက် စပါးဈေးပိုကောင်းတယ်" ဟု ဟင်္သာတမြို့နယ်မှ စပါးစိုက်ပျိုးသူ ဦးထွန်းဝင်းက ပြောသည်။

လတ်တလော ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟင်္သာတမြို့နယ်အပြင် ကျိုက်လတ်၊ မအူပင်စသည့် မြို့နယ်များ၌ မိုးစပါးများထွက်ရှိနေပြီး စပါးဟောင်းဈေးနှုန်း မြင့်တက်နေသောကြောင့် စပါးသစ်များပါ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။ "မိုးစပါးက သြဂုတ်လကနေ စထွက်တာပါ။ နောက်တစ်လလောက်ဆိုရင် လှိုင်လှိုင်ပေါ်ပါပြီ။ ကျိုက်လတ်နဲ့ မအူပင်မြို့နယ်တွေမှာဆိုရင် ရေထဲမှာရိတ်သိမ်းရတာပါ။ အဲဒါတွေက ရက် ၉၀ လို့ခေါ်တဲ့ ထိုင်းမြီးကောက်မျိုးတွေပါ။ သူက ဆန်သားပျော့ပေမယ့် အကြိုက်များတော့ စိုက်တာများတယ်" ဟု မြန်မာနိုင်ငံ လွတ်လပ်သော တောင်သူလယ်သမားများ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၌ မိုးစပါးထွက်ရှိမှုမှာ သြဂုတ်လအတွင်း ကျိုက်လတ်၊ မအူပင်စသည့်မြို့နယ်များမှ အနည်းငယ် ထွက်ရှိပြီး နိုဝင်ဘာလနှောင်းပိုင်းနှင့် ဒီဇင်ဘာလတို့တွင် ဖျာပုံ၊ လပွတ္တာ၊ မြောင်းမြနှင့် ပုသိမ်မြို့နယ်တို့မှ ပေါ်ဆန်းစပါး များ ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**Source: Myawaddy.net.mm**

## မြိတ်မြို့နယ်၌ ရော်ဘာလုပ်ငန်းများ စတင်ချိန် ရာသီအဖွင့်တွင် တစ်ပိဿာပေါက်ဈေး ကျပ် ၅၀၀၀ အထိရှိနေ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ယခုနှစ် ရော်ဘာလုပ်ငန်းများ စတင်လုပ်ကိုင်ချိန် ရာသီအဖွင့် တွင် ရော်ဘာ တစ်ပိဿာကို ပေါက်ဈေး ငွေကျပ် ၅၀၀၀ အထိရှိနေပြီး ဈေးကောင်းရရှိနေကြောင်း ရော်ဘာထုတ်လုပ် ရောင်းချသူများထံမှ သိရသည်။

ယခုလက်ရှိတွင် ရော်ဘာမှိုင်းခံပြားအဆင့်သုံး တစ်ပိဿာကို ငွေကျပ် ၄၉၀၀၊ ရော်ဘာနေလှန်းပြား (ခေါင်းဝိုင်း) တစ်ပိဿာကိုငွေကျပ် ၅၀၀၀၊ နေလှန်းပြား(လေးထောင့်)တစ်ပိဿာကို ငွေကျပ် ၄၉၀၀၊ အစေးရည် DRC (၁၀၀ ရာခိုင်နှုန်း) တစ်ပိဿာကို ငွေကျပ် ၅၀၀၀၊ ခွက်လုံး၊ ခွက်ခဲ၊ ခွက်ကပ် (အသန့်) DRC (၁၀၀ ရာခိုင်နှုန်း)တစ်ပိဿာကို ငွေကျပ် ၅၀၀၀၊ ခွက်လုံး၊ ခွက်ခဲ၊ ခွက်ကပ် DRC (၁၀၀ ရာခိုင်နှုန်း)တစ်ပိဿာကို ငွေကျပ် ၄၉၀၀၊ အစေးခဲ/အစေးရည်ခဲ တစ်ပိဿာကို ငွေကျပ် ၄၈၀၀ နှင့် ဂေါ်လီချေး/ခွက်ကပ်(အခြောက်)တစ်ပိဿာကို ငွေကျပ် ၂၂၀၀ အထိ ဈေးပေါက်နေသည်။

မြိတ်မြို့နယ်ရှိ ရော်ဘာခြံများ၌ ရော်ဘာလုပ်ငန်းများကို စက်တင်ဘာလအစပိုင်းကစတင်၍ ရော်ဘာခြံများအတွင်း တောခုတ်ခြင်း၊ တောရှင်းခြင်းများနှင့်မြေဩဇာကျွေးခြင်းတို့ကိုပြုလုပ်ကြပြီး ရော်ဘာအစေးလှီးခြင်း၊ ရော်ဘာအပြား ထုတ်လုပ်ခြင်းလုပ်ငန်းများကို များသောအားဖြင့် အောက်တိုဘာလဆန်းပိုင်းလောက်တွင် စတင်လုပ်ကိုင်ကြကာ ရော်ဘာ ထုတ်လုပ်ရောင်းချသူများသည် မှိုင်းခံရော်ဘာအပြားများကိုသာ အဓိကထုတ်လုပ်ရောင်းချကြပြီး တချို့သော ရော်ဘာခြံ များတွင် ရော်ဘာအစေးရည်များနှင့်ခွက်လုံးအခဲများကိုပါ ထုတ်လုပ်ရောင်းချကြသည်။

မြိတ်မြို့နယ်တွင် ရော်ဘာထုတ်လုပ်ရောင်းချသူများသည် ရော်ဘာများကို ဒေသအတွင်းဝယ်လက်များ၊ မြို့ပေါ်ရှိ ရော်ဘာအဝယ်ဒိုင်များနှင့် ရော်ဘာအစေးရည်ဝယ်ကုမ္ပဏီများသို့ တင်ပို့ရောင်းချလျက်ရှိကြပြီး ထားဝယ်ဘက်နှင့်ပုလော မြို့နယ်တို့မှ လာရောက်ဝယ်ယူသူများကိုလည်း ရောင်းချလျက်ရှိကြသည်။ ယခုလက်ရှိတွင် မြိတ်မြို့နယ်အတွင်းရှိ ရော်ဘာ ဝယ်ယူရောင်းချသူများ၏ ဈေးကွက်များအတွင်း၌ ရော်ဘာတစ်ပိဿာကို ပေါက်ဈေးငွေကျပ် ၅၀၀၀ အထိရှိနေကြောင်း သိရသည်။

**Source: Myawaddy.net.mm**

## ဝေါမြို့နယ်၌ မိုးစပါး စံပြကွက်ရိတ်သိမ်း တစ်ဧက ၈၂ တင်း ထွက်ရှိ



**Source:** မြန်မာ့အလင်း

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကပြုလုပ်သည့် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က အင်းတိုင်စုကျေးရွာရှိ တောင်သူ ဒေါ်ခင်အေး၏ လယ်မြေကွင်းအမှတ် (၇၀၈-ခ)၌ ကျင်းပရာ ပဲခူးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းထွန်း၊ ဝေါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်း နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများက စပါးရိတ်ခြွေစက် ဖြင့် ရိတ်ခြွေနေမှုများနှင့် မိုးစပါးစိုက်ပျိုးအောင်မြင်မှုကို ကြည့်ရှုကြသည်။ အဆိုပါ မိုးစပါး စံပြကွက်ကိုရိတ်သိမ်းရာ တစ်ဧက အစိုတင်း ၈၂ တင်း ထွက်ရှိကြောင်း သိရသည်။

**Source:** မြန်မာ့အလင်း

## ဆောင်းနေကြာစိုက်ပျိုးရာ၌ ရေ၊ မြေဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေးနည်းပညာများကို ထွက်နှုန်းကောင်းမွန်စေရန် တောင်သူများထံ လက်တွေ့ပို့ချပညာပေးသွားမည်



**Source:** ကြေးမုံ

၂၀၂၂ ခုနှစ်တွင် ဆောင်းနေကြာရာသီချိန်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၈၄၆၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ရာ စိုက်ပျိုးရေးတောင်သူတို့ထံ နည်းပညာများပံ့ပိုးပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဝန်ထမ်း ၂၀၀ အား အရည်အသွေးမြင့်သင်တန်းများ ပို့ချထားကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်းနေကြာ ၁၃၉ ဧက၊ မြေပဲ ၃၇၆၃ ဧကနှင့် နှမ်း ၅၀၆၁ ဧက စိုက်ပျိုးခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် ပြည်တွင်း၌ ဆီလုံလောက်စွာစားသုံးနိုင်ပြီး ပြည်ပမှဝယ်ယူမှုလျှော့ချနိုင်ရန် ပြည်တွင်းစိုက်ပျိုးမှုကိုတိုးမြှင့်မှုအဖြစ် ၂၀၂၂ ခုနှစ် တွင် နိုင်ငံတစ်ဝန်း၌ ဆောင်းနေကြာကို တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေကြာ ၈၄၆၅ ဧကဖြင့် ယမန်နှစ်စိုက်ဧရိယာထက် တိုးမြှင့်စိုက်ပျိုးရန်စီမံထားရာ တောင်သူများ နည်းပညာအခက်အခဲ

မရှိစေရန် စိုက်ပျိုးရေးဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်သင်တန်းများ ကြိုတင်ပို့ချထားခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်းနေကြာရေိယာ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများအား သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား ၅၀ ဖြင့် သင်တန်းလေးကြိမ်ဖွင့်လှစ်ခဲ့သည်။ သင်တန်းတက်ရောက်ထားသူများအနေဖြင့် တောင်သူများ ဆောင်းနေကြာ စိုက်ပျိုးရာ၌ ရေ၊ မြေဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေးနည်းပညာများကို ထွက်နှုန်းကောင်းမွန်စေရန် တောင်သူများထံ လက်တွေ့ပို့ချမှုအဖြစ် ပညာပေးဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း ဆောင်းနေကြာအား မြို့နယ်ပေါင်း ၁၅ မြို့နယ်ရှိ ကျေးရွာပေါင်း ၂၉၇ ရွာတို့တွင် အောက်တိုဘာလနောက်ဆုံးပတ်နှင့် နိုဝင်ဘာလပထမပတ်မှစတင်၍ အခြားဆီထွက်သီးနှံများ စိုက်ပျိုးမှုနှင့်အတူ တစ်ပြိုင်တည်း စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** ကြေးမုံ

## ကျောင်းကုန်းမြို့နယ်၌ နနွင်းဈေးကောင်းရ၍ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုး

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ နနွင်းစိုက်တောင်သူများအနေဖြင့် နနွင်းဈေးကောင်းရ၍ ယခင်နှစ်ထက် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

"နနွင်းကို ဇွန်လလောက်က စတင်စိုက်ပျိုးပြီး တစ်ဧကကို နနွင်းမျိုးနှစ်တင်းနှုန်း စိုက်ရပါတယ်။ တစ်လတစ်ခါ ပုံမှန် အစာကျွေးရတယ်။ ရေဝပ်လို့တော့မရပါဘူး။ ပေါင်နဲ့စိုက်ပျိုးရပြီး လေးလက်မခြားတစ်ပင် စိုက်ပျိုးရ ပါတယ်။ အထွက်နှုန်း ကတော့ တစ်ဧကကို တင်း ၆၀ မှ ၁၀၀ အထိ ထွက်ရှိနိုင်ပါတယ်။ နနွင်းမျိုးဈေးက တစ်တင်းကို ငွေကျပ် ၁၀၀၀၀ ကျော်ထိ ရှိပြီး လက်ရှိက နနွင်းတစ်တင်းကို ငွေကျပ် ၄၀၀၀ နှုန်းရှိပါတယ်။ စိုက်ပျိုးစရိတ်နည်းပြီး ဈေးကောင်းရတဲ့ အတွက် စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေတာပေါ့"ဟု ကွင်းကြီးကျေးရွာမှ နနွင်းစိုက်တောင်သူ ဦးမျိုးဇော်ကပြောသည်။

ယခင်နှစ်က ကျောင်းကုန်းမြို့နယ်၌ နနွင်းစိုက်ဧက ၆၀ ရှိပြီး ယခုနှစ်တွင် နနွင်းဈေးပိုမိုကောင်းမွန်လာသည့်အတွက် စိုက်ပျိုးသူများ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးလာကြပြီး စုစုပေါင်း နနွင်းစိုက်ပျိုးဧက ၇၀ ကျော်အထိ စိုက်ပျိုးလာကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**Source: Myawaddy.net.mm**

## STOCK EXCHANGE (14.9.2022)




| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -400 | -4.30% | 8,800 | 8,900 | 8,800 | 1,967 | 17,352,900 | 33,109,694 | 294,676 |
| MTSH | 00002 | 3,150 | -100 | -3.08% | 3,250 | 3,250 | 3,000 | 5,775 | 17,680,000 | 38,929,150 | 122,627 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,200 | 7,900 | 7,200 | 247 | 1,781,200 | 10,400,986 | 82,168 |
| FPB | 00004 | 20,500 | -500 | -2.38% | 19,000 | 20,500 | 19,000 | 97 | 1,918,000 | 2,472,053 | 50,677 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,650 | 2,800 | 2,650 | 2,358 | 6,582,100 | 12,823,224 | 35,905 |
| EFR | 00006 | 2,600 | -50 | -1.89% | 2,650 | 2,650 | 2,600 | 101 | 264,650 | 19,977,223 | 51,941 |
| AMATA | 00007 | 5,500 | +0 | +0.00% | 4,900 | 5,500 | 4,900 | 4 | 21,400 | 10,497,598 | 57,737 |

## Market summary

As of 14th Sep. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.93 | -11.14 | -2.71% | 397.37 | 399.93 | 388.95 | 10,549 | 45,600,250 | 7 | 695,731 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 14th Sep. 2022

| MYANPIX | 399.93 ▼ 11.14 |
|---|---|
| Total Volume (shares) | 10,549 |
| Total Value (MMK) | 46 mil |
| Listed Company | 7 |
| Market Cap. (MMK) | 695,731 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 400 |
| MTSH | 00002 | 3,150 | ▼ 100 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 20,500 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,600 | ▼ 50 |
| AMATA | 00007 | 5,500 | ▲ 0 |